# "ဗုဒ္ဓဘာသာ (၅)မျိုး"

မိမိ ကိုယ် မိမိ ဗုဒ္ဓဘာသာ ဝင် တစ်ယောက် ဟု ခံယူပါက အနည်းဆုံး အခြေခံ အားဖြင့် "ဗုဒ္ဓဘာသာ ဝင်" ၏ အဓိပ္ပါယ် ကိုသိနားလည်သင့် ပါသည်။ "ဗုဒ္ဓဘာသာ ဝင်" ၏ အဓိပ္ပါယ် ကို မသိ၊ နားမလည် သူများစွာရှိပါသည်။ အမှန်မှာကား......

ဗုဒ္ဓ = ဘုရား  ဘာသာ = စကား  ဝင် = နားထောင်ခြင်း

ဗုဒ္ဓဘာသာ ဝင် = ဘုရား စကား ကို နားထောင် သောသူ .....ဟု အဓိပ္ပါယ် ရပါသည်။

ထို့အပြင် ကိုယ် ကိုးကွယ်သော ဘုရားရှင် ဟာ ဘာကို သိပြီးပွင့်တာလဲ? ဘာ စကားကို ပြောပါသလဲ?.......ဆိုတဲ့ အချက်တွေကို လဲ ဗုဒ္ဓဘာသာ ဝင် တစ်ယောက် အနေဖြင့် သိထားသင့်ပါသည်။

မိမိတို့ ကိုးကွယ်သော ဗုဒ္ဓ ဘုရားရှင် သည် သစ္စာ လေးပါးမြတ်တရားကို ဆရာမကူ သယမ္ဘူဉာဏ်မြတ်ဖြင့် ကိုယ်တော်တိုင် သိမြင်တော်မူ ပြီး ပွင့်ထွန်း လာခြင်းဖြစ်ပါသည်။ သစ္စာ သိပွင့် သောဘုရားရှင်သည် သစ္စာစကား ကိုသာပြောကြားပါသည်။ ဘုရားရှင်သည် ဘုရား ဖြစ်တော်မူပြီးနောက် ပဥ္စဝဂ္ဂီ(၅)ဦး ကို မိဂဒါဝုန်တော၌ ပထမဦးစွာ ဓမ္မစကြာတရားကို ဟောပါသည်။ ထိုဓမ္မစကြာတရားသည် သစ္စာလေးပါးတရား ပင်ဖြစ်ပါသည်။

သစ္စာလေးပါး ဆိုသည်မှာ.....

၁။ ဒုက္ခသစ္စာ.....သိ ရမည့်တရား။ (ရ ထားသော လက်ရှိဘဝ၊ တနည်း ခန္ဓာငါးပါး သည် ဆင်းရဲခြင်း အမှန်ဖြစ်ကြောင်း သိရမည်)

၂။ သမုဒယသစ္စာ.....ပယ် ရမည့်တရား။ ( ကာမဂုဏ် အာရုံ စသော ကိလေသာ တို့သည် ဆင်းရဲခြင်းကိုဖြစ်စေသော အကြောင်းရင်းဖြစ်၍ ပယ် သတ်ရမည်)

၃။ နိရောဓသစ္စာ.....ဆိုက်ရောက် ရမည့်တရား။ (ပယ် သတ်ရမည့် ကိလေသာတို့ကို ပယ် သတ်ပါက မျက်မှောက်ပြုမည့်နိဗ္ဗာန် ချမ်းသာ)

၄။ မဂ္ဂသစ္စာ.....ပွါးများ ရမည့်တရား။ (နိဗ္ဗာန်ချမ်းသာ သို့ ရောက်ရန် ပွါးများ ကျင့်သုံးရမည့် တစ်ခု တည်းသော လမ်း).....ဖြစ်ပါသည်။

ထို့ကြောင့် ဘုရားရှင်ဟောကြားခဲ့သော သစ္စာ လေးပါးတရားကို ခန္ဓာ ဉာဏ်ရောက် အလုပ်လုပ်မှသာ ဘုရား စကားကို လေးစားလိုက်နာ၊ နားထောင်သော ဗုဒ္ဓဘာသာ ဝင် အမှန် ဖြစ်ပေမည်။

အမှန်အားဖြင့် ဗုဒ္ဓဘာသာ သည် ဝိဘဇ္ဇ ဝါဒ ဖြစ်၏။ ဝိဘဇ္ဇ ဝါဒ၏ အဓိပ္ပါယ် မှာ "ကိုယ်ပိုင်ဉာဏ်ဖြင့် စိစစ်ပြီးမှ ယုံကြည် ရ သော ဝါဒ" ဖြစ်၏။ တနည်းအားဖြင့် သူများပါးစပ် မှာလမ်းဆုံးရသော ဝါဒ မဟုတ်။ ရမ်းယုံ၊ မှန်းယုံ၊ အကန်းယုံ ရသော ဝါဒ မဟုတ်ပါ။

မြတ်စွာဘုရားရှင်သည် ကာလာမအမျိုးအနွယ် တို့အားဟောကြားသော "ကာလာမသုတ်" ၌ သူ၏ ဝိဘဇ္ဇ ဝါဒ ကို ယခုကဲ့သို့ ရဲရဲတောက် ဟောကြားတော်မူပါသည်။

~ အို...အချင်းကာလာမအနွယ်တို့..သင်တို့သည်အယူဝါဒတစ်ခုကို တစ်ဆင့်ကြား ဖြင့်လည်း အမှန်လို့ မယူကြနဲ့။
~ ရှေးအစဉ်အလာ စကားဖြစ်ရုံနဲ့လည်း အမှန်လို့ မယူကြနဲ့။
~ ဤသို့ဖြစ်ဖူးသတဲ့ ဆိုပြီးလည်း အမှန်လို့ မယူကြနဲ့။
~ ကျမ်းဂန်နှင့် ညီညွတ်သည် ဆိုရုံဖြင့်လည်း အမှန်လို့ မယူကြနဲ့။
~ နည်းမှီ၍ ယူခြင်းဖြစ်လည်း အမှန်လို့ မယူကြနဲ့။
~ အကြောင်းခြင်းအရာကို ရာကြံထောက်ပြ ညီညွတ်သည် ဆိုရုံဖြင့်လည်း အမှန်လို့ မယူကြနဲ့။
~ မိမိတို့ကြံစည် နှစ်သက် လက်ခံထားသော အယူနှင့် ကိုက်ညီသည် ဆိုရုံဖြင့်လည်း အမှန်လို့ မယူကြနဲ့။
~ လက်ခံထိုက်သော ပုဂ္ဂိုလ်၏စကား ဖြစ်ရုံဖြင့်လည်း အမှန်လို့ မယူကြနဲ့။
~ မိမိ တို့လေးစားအပ်သော ဆရာ၏ စကားဖြစ်ရုံဖြင့်လည်း အမှန်လို့ မယူကြနဲ့။
~ မိမိ တို့ ကိုယ်တိုင် ဤတရားတို့သည် အကုသိုလ်တရားတို့တည်း၊ အပြစ်ရှိသောတရား တို့တည်း၊ ပညာရှိတို့ ကဲ့ရဲ့အပ်သောတရားတို့တည်း၊ ဤတရားတို့ကိုဆောက်တည် လျှင် အကျိုးမဲ့ခြင်း၊ ဆင်းရဲခြင်း ဖြစ်ကုန်၏ ဟု သိကြသောအခါ ထိုတရားတို့ကို ပယ်ကြ ကုန်လော့။ ဤတရားတို့သည် ကုသိုလ်တရားတို့တည်း၊ အပြစ်မရှိသော တရားတို့တည်း၊ ပညာရှိတို့ ချီးမွမ်းအပ်သော တရားတို့တည်း၊ ဤတရားတို့ကိုဆောက် တည်လျှင် အကျိုးရှိခြင်း၊ ချမ်းသာခြင်း ဖြစ်ကြ၏ ဟု သိ ကြသောအခါထိုတရားတို့ ကို ဆောက်တည် ကျင့်သုံးကြကုန်လော့ ဟု ဟောကြားတော်မူပါသည်။

သစ္စာတရား၊ ပဋိစ္စသမုပ္ပါဒ် တရားသည် မိမိ ကိုယ် မိမိဆန်းစစ် ရန်အတွက် ချိန်ခွင် ပမာဖြစ် ပါသည်။ သစ္စာတရား ကိုတခြားမှာသွားရှာစရာမလိုပါ။ သစ္စာတရားသည် ခန္ဓာ မှာရှိပါသည်။ ထို သစ္စာ ကို သိအောင်လုပ်ပါက သံသရာမှ လွတ်မြောက်နိုင်ပါသည်။

ဗုဒ္ဓ ဘာသာ အမျိုးအစား (၅)မျိုးရှိပါသည်။ မိမိ တို့ မည်သည့် အမျိုးအစားတွင် ပါသည်ကို ကိုယ် ကိုယ်တိုင် ဆန်းစစ်ကြည့် ပါ...။
၁။ ကုလ ဗုဒ္ဓ ဘာသာ
၂။ လာဘ ဗုဒ္ဓ ဘာသာ
၃။ ဘယ ဗုဒ္ဓ ဘာသာ
၄။ သဒ္ဓါမိက ဗုဒ္ဓ ဘာသာ

၅။ ပညာဓိက ဗုဒ္ဓ ဘာသာ……တို့ဖြစ်ပါသည်။

**၁။ ကုလ ဗုဒ္ဓ ဘာသာ။**

ကုလ ဆိုသည်မှာ အဆွေအမျိုး၊ အသိုင်းအဝိုင်း ဟု အဓိပ္ပါယ် ရပါသည်။ ဘိုးဘွား၊ မိဘက ဗုဒ္ဓ ဘာသာ မို့ သားသမီး ကလဲ ဗုဒ္ဓ ဘာသာ ဖြစ်လာ ရခြင်းမျိုး ဖြစ်ပါသည်။ ဗုဒ္ဓ ဘာသာဝင် ဆိုတဲ့ အဓိပ္ပါယ် ကိုလည်းမသိ၊ ဘုရားရှင် ဘာသိပ္ပင့်မှန်းလည်း မသိ၊ ဘုရား ဘာစကား ပြောမှန်းလည်း မသိ၊ မသိ တဲ့ အဝိဇ္ဇာ နှင့် လုပ်ချင်ရာလုပ်သော ဗုဒ္ဓ ဘာသာ ကို ကုလ ဗုဒ္ဓ ဘာသာ ဟုခေါ်ပါသည်။ ထို ကုလ ဗုဒ္ဓ ဘာသာ တို့သည် ဘုရား၊ ကျောင်းကန် များ သို့တော့ သွားကြပါသည်။ ထိုသို့ သွားခြင်းမှာ လည်း ဘုရားပွဲရှိ လို့သွားတာမျိုး၊ ကျောင်းမှာ ဥပုသ်နေ့ အကျွေးအမွေး ရှိလို့ သွားစားတာမျိုး တို့ဖြစ်ပါသည်။ သူ တို့သည် ဘုရားရှေ့တွင် လက်အုပ်တော့ ချီတတ်ကြပါသည်။ ကုလ ဗုဒ္ဓ ဘာသာ တို့သည် ကိုယ်စောင့်စည်း သော ငါးပါးသီလ၏ အဓိပ္ပါယ် ကိုလည်းနားမလည်၊ ဘာ ပြောမှန်း ကိုလည်း မသိကြပါ။

ဥပမာ ပေးရရင်ဖြင့်….ရှေးတုန်းက ကျောင်းဒကာ နှင့် ကျောင်းအမ တို့၏ ဖြစ်ရပ်တစ်ခု ကိုပြောပြချင်ပါသည်။ ဥပုသ်နေ့ တစ်ရက်တွင် ကျောင်းအမ သည် ဆွမ်းချက်ရန်အတွက် သားငါး ဝယ်ရန် ဈေး သို့သွားပါသည်။ ငါး ဆိုင်ရှေ့ရောက်တော့ ငါးတစ်ကောင် ဘယ်လောက် လဲ? ဟုမေးရာ ငါးစိမ်းသည် က တစ်မတ် ဟုပြောပါသည်။ ကျောင်းအမ က တစ်ကောင်ယူ မည် ဆိုသည်နှင့် ငါးစိမ်းသည် က ငါးအရှင်လတ်လတ် တစ်ကောင် ကို ငါးအိုးထဲမှ နှိုက်ပြီး သံပိုသလေး နဲ့ ချက်ချင်း ထုသတ်လိုက်ပါသည်။ ထိုအခါ ကျောင်းအမ ကမိမိ ကြောင့် ငါး သေတာ ဆိုပြီး ပိုက်ဆံ ပေးကာ ငါးကိုမယူဘဲ အိမ်ပြန်လာပါသည်။ အိမ်ရောက်တော့ မျက်နှာမကောင်းပဲ ပြန်လာတဲ့ ကျောင်းအမ ကို ကျောင်းဒကာ က ဘာဖြစ်လာလဲ ဟုမေးပါသည်။ ကျောင်းအမ ကဖြစ်ကြောင်းကုန်စဉ်ပြောပြီး "သူတို့မို့ အာဒိန္နာဒါနကံ မကြောက်ပဲ၊ သူ့ အသက် သတ်ရဲတာ" ဟုပြောပါသည်။ ထိုအခါ ကျောင်းဒကာ က "သူများအသက်သတ်တာ အာဒိန္နာဒါနကံ မဟုတ် ဘူး၊ ကာမေသုမိစ္ဆာစာရကံ" ဟုပြောပါသည်။ ကျောင်းအမ ကလည်းအလျှော့မပေးပဲ ငြင်းပါသည်။ ထိုသို့ နှစ်ယောက်သား ငြင်းရာမှ ဆရာဘုန်းကြီး ဆီရောက်သွားပါသည်။ ဆရာဘုန်းကြီး ကပြဿနာ ကိုနားထောင်ပြီး ငါးဘယ်လိုသေသွားကြောင်းမေးပါသည်။ ကျောင်းအမက ငါးကို သံပိုသလေး နဲ့ ထုတော့ ငါးက ဖလပ်၊ဖလပ် ဖြစ်ပြီးသေသွားတယ် ဟုပြောပါသည်။ ထိုအခါ ဆရာဘုန်းကြီး ပြောလိုက်တာကတော့……… ဒီငါးသတ်တဲ့ ကံ ဟာ အာဒိန္နာဒါနကံ လည်းမဟုတ်ဘူး၊ ကာမေသုမိစ္ဆာစာရကံ လည်းမဟုတ်ဘူး၊ ငါးသေတဲ့အချိန် မှာ ဖလပ်၊ဖလပ် ဖြစ်ပြီး သေတဲ့အတွက် သမ္ဖပ္ပလာပကံ ဖြစ်တယ်..လို့ ဆိုပါသည်။ ထိုသို့သော ဗုဒ္ဓ ဘာသာ သည် ကုလ ဗုဒ္ဓ ဘာသာ ဖြစ်ပါသည်။

ကုလ ဗုဒ္ဓ ဘာသာ တို့သည် ဥပုသ်စောင့်သောနေ့ တွင် ဟင်းကောင်းချက်ပါသည်။ ပြီးလျှင် ဘုန်းကြီးကျောင်းသို့ ချိုင့်ဖြင့်တည့်ကာ ယူသွားပါသည်။ ဘုန်းကြီး ကပ်ဖို့ မဟုတ်ပါ။

ကိုယ်စားဖို့ဖြစ်ပါသည်။ ဥပုသ်စောင့် လျှင် ညစာ မစားရတော့သဖြင့် အစားအသောက် ကို အားရပါးရ ဘီးလူးစား စားပါသည်။ စားပြီးသောအခါ ဗိုက်လေးပြီး နဂါး လိုအိပ်ပါတော့သည်။ အိပ်ရာမှ နိုးလျှင်တော့ အရပ်ထဲမှ အတင်း၊အဖျင်းမှန်သမျှ ကို စာကလေး ကဲ့သို့ မရပ်မနား ပြောပါတော့သည်။

တစ်ခါက ကုလ ဗုဒ္ဓ ဘာသာ အဘိုးကြီး နှင့် အဘွားကြီး လင်မယား သည် ဥပုသ်စောင့် ပြီး ကျောင်းမှပြန်လာကြသည်။ ည ရောက်သော် နှစ်ဦးလုံး ဗိုက်ဆာနေကြသည်။ အဘွားကြီး က မနက်ဖက် ကျောင်းသို့မသွားခင် အကြံဖြင့် ထမင်း၊ ဟင်း တစ်ချို့ကို အိုးထဲတွင် ချန်ထားသည်။ အိမ်ရှေ့တွင် အိပ်သော အဘိုးကြီး က အခန်းထဲတွင် အိပ်သော အဘွားကြီး အိပ်ပျော်၊ မပျော် ချောင်းဟန့်ပြီး အသံပေးကြည့်သည်။ အဘွားကြီး ကလည်း အသံပြန်ပေး သည်။ ထိုသို့ နှစ်ခါ၊ သုံးခါ အဘိုးကြီး အသံပေးသောအခါ အဘွားကြီး က အဘိုးကြီး ဘာလုပ် မည်သိချင်၍ အသံပြန်မပေးပဲ ငြိမ်နေလိုက်သည်။ အဘွားကြီး အသံပြန်မပေး သော် အဘိုးကြီး က အဘွားကြီး အိပ်ပြီထင်၍ မီးဖိုသို့သွားပြီး အိုးများဖွင့်ကြည့်ရာ ထမင်း၊ ဟင်း များကျန်သည်ကို တွေ့၍ ဝမ်းသာသွားပြီး ပန်းကန်ထဲသို့ တစ်ချို့တစ်ဝက်ထည့်ကာ အဘွားကြီး တွေ့မည်စိုးပြီး ခြင်ထောင်ထဲတွင် ကြိတ်စားနေသည်။ အဘိုးကြီး၏ ချောင်းသံ တိတ်သွား၍ အဘွားကြီးက ချောင်းသံ ပြန်ပေးသည်။ သို့သော် အဘိုးကြီးမှာ ပါးစပ်ထဲ ထမင်းလုပ် ပြည့်နေ၍ အသံပြန်မပေးနိုင်ပါ။ ဒါကို အဘွားကြီးကလည်း အဘိုးကြီး အိပ်ပြီ ထင်ပြီး မီးဖိုသို့သွား၏။ ကျန်သော ထမင်း၊ ဟင်း များကိုပန်းကန်ထဲ ပေါင်းထည့်ပြီး မစားခင် အဘိုးကြီး အိပ်၊ မအိပ် သေချာအောင်လုပ်မည် ဆိုကာ အဘိုးကြီး ခြင်ထောင်အား ဆွဲလှန် လိုက်ရာ ထမင်းလုပ်တန်းလန်းနှင့် အဘိုးကြီး ကိုတွေ့လိုက်ရသည်။ အဘိုးကြီး ကရှက်ရမ်း ရမ်းပြီး "ဘာလုပ်တာလဲကွ" ဟုအော်ရာ အဘွားကြီး ကလဲ ရှက်ရမ်းရမ်းပြီး "ထမင်းများလိုအုံး မလားလို့ပါ" ဟုဆိုသတည်း...။

ကုလ ဗုဒ္ဓ ဘာသာ ဥပုသ်သည်များအတွက်ဤသို့ စာစပ်ဆိုခဲ့သည်။

လက်အုပ်က ရှိခိုးလို့၊
မိရိုးမို့ဖလာ၊
အသေဖြုတ် ဉာဏ်ကမပါ၊
ခံကြရှာ သီလ။
ဘုန်းကြီးက သဒ္ဒေးဂိုက်အလွယ်၊
ပေးလိုက်မယ် ရ ရ၊ မရ ရ။
ဘီးလူးသို့ အစားပို၊
နဂါးလို ပုံပြ၊
တရားဆို တစ်မှန်မှမရပါလား၊
နံ့လှတဲ့ နေ့ကုန်။

စာကလေး ဥပုသ်သည် ဆိုတာ
အထူးရုပ်ပုံ ဓလေ့ဆန်းတွေနှင့်၊
နေအားပုံ စကားဆုံ ပြောကြဖုံဖုံ။
အကျင့်သီလ ငါမလုံတယ်၊
ဆာရုံသာ ဆာခဲ့ရလေး....။

ဤသည်ကား ကုလ ဗုဒ္ဓ ဘာသာတို့ သီလ နားမလည်ပုံ ကို ဖေါ်ပြထားခြင်းဖြစ်ပါသည်။ ထို့အပြင် ဒါန ပြုလုပ်သောအခါ၌ လည်း လွဲမှားစွာပြုလုပ် တတ်ကြသည်။ ကုလ ဗုဒ္ဓ ဘာသာတို့ ဒါန ပြုပုံ ကို ဥပမာ ပြရလျှင်......သားရှင်ပြုပွဲ အတွက် စီစဉ်သော အလှူ့အမ နှင့် အလှူ့ဒကာ တို့သည် ရှင်ပြု သည့်ရက် ကို ဆိုင်း အားသည့် ရက်၌ သတ်မှတ်သည်။ ပြီးလျှင် မဏ္ဍပ် ဌားဖို့ စီစဉ်သည်။ ပြီးမှ ဘုန်းကြီးကျောင်းသို့ သွားပြီးလျှောက်သည်။ သား အတွက် ပရိက္ခရာ ဝယ်ဖို့ မစဉ်းစားခင် အလှူ့အမ နှင့် အလှူ့ဒကာ အတွက် ချိတ် အရင်မှာသည်။ ပိုးထူ၊ ချည်ပါး (၃)သိန်းတန် ချိတ် အကောင်းစားကိုမှာသည်။ ဆံထုံး ထုံးဖို့ အခြောက် ကို ငါးသောင်း ပေးရသည်။ ခေါင်းမှာ ပန်ဖို့ သစ်ခွ တစ်ခက် ငါးသောင်း ဖြင့် နှစ်ခက်မှာသည်။ ထို့ပြင် ပုဝါဖိုး၊ ဒေါက်မြင့်ဖိနပ်ဖိုး ဖြင့် တစ်ကိုယ်လုံးအတွက် (၁၀)သိန်းခန့် ကုန်သည်။ စိန်၊ ရွှေ လက်ဝတ် ရတနာမပါသေးပါ။

သား ကိုရင်အတွက် သင်္ကန်းဝယ်တော့၊ ဝယ်တဲ့ သင်္ကန်း နေပူထဲဖြန့် မဝတ်ရဲပါ။ (၇) ရက်ထဲ ဝတ်တာပါ၊ သိပ်မထူးပါဘူး ဆိုပြီး အပေါစား ဝယ်လာသည်။ ဝယ်တဲ့ သပိတ် က မြေသပိတ်..တစ်ခါထည့်တာနဲ့ ကွဲ။ ဝယ်တဲ့ ဓါးက ကော်ဓါး...ဘယ်နေရာ ရိတ်ရမလဲမသိ။ ရေစစ် ကလည်း ရေခွက်ကိုဖေါက်ထားတာ။ အနေကထိုင် က စာရွက်ကိုဆေးသုတ် ထားတာ...ဘယ်နေရာမှာ ခင်းထိုင်ရမှန်းမသိ။

ပြီးတော့ သား၊ငါး ကို အချိန်ဘယ်လောက်ယူမယ် ဆိုပြီး သားသတ်ရုံ မှာကြိုမှာသည်။ တစ်ချို့ဆိုမလောက်မှာစိုးပြီး ဝက်ကို မဏ္ဍပ်မှာ အကောင်လိုက် ချည်ထားသည်။ အစ္စလာမ် ဘာသာဝင်တွေ အစ်နေ့ မှာ နွားသတ်တော့ "တော်တော်မိုက်တဲ့လူတွေ၊ သူများအသက်ကို သတ်တယ်"ဟုဆိုသည်။ သူများဘာသာ ကိုလက်ညှိုး တစ်ချောင်းထိုး ပြီး ကိုယ့်ဘက် သုံးချောင်း ပြန်ထိုးနေသည် ကို သတိမပြုကြပါ။

အိုးကြီး၊ အိုးငယ်နဲ့ ချက်တော့ ချက်တဲ့လူတွေကို အရက်ပေးသည်။ ချက်သူတို့ကလဲ ညတွင်းချင်းပဲ ချက်ရင်းသောက်ကြသည်။ "သူကြီးမရှိ ရွာပူ၊ အမြည်းမရှိ လျှာပူ" ဆိုသည့် အတိုင်း အမြည်းကို ဟင်းအိုးထဲက ယူစားသည်။ ဘုန်းကြီး မကပ်ရသေးပဲစားသည်။

မနက် မိုးလင်းတော့ လာသည့် ဧည့်သည်များက အလှူကြီး စည်လိုက်တာမှ သောက်သောက်လဲ ဟုဆိုကြသည်။ အမှန်ပင် မဏ္ဍပ် နောက်မှာ သောက်ပြီးလဲနေကြသည်။ ဒီလို အလှူ မျိုးကို **သောက်သောက်လဲ အလှူ** ဟုခေါ်သည်။ ဆိုင်းအဖွဲ့နှင့် ဘိသိက် ဆရာ ကလည်း မနက် က ညနေ(၃)နာရီ ထိတီးသည်။ တစ်နာရီ ကို တစ်သိန်းခွဲ ရတော့တီးတော့ မှာပေါ့။ (၃)နာရီခွဲမှ ကိုရင် သင်္ကန်း ဝတ်သည်။ ရေစက်ချဖို့ ဘုန်းကြီး ထိုင်ပြီးတရားဟော

မယ်လည်းလုပ်ရော မဏ္ဍပ် စ ဖျက်တော့သည်။ ဘုန်းကြီး ကိုလည်း တရားကို တိုတို ဟောဖို့ ပြောသည်။ ရေစက်ချဖို့ အလှူ့အမ နှင့် အလှူ့ဒကာ ကိုခေါ်တော့ အလှူ့ဒကာ ကို တွဲလာရသည်။ တနေကုန် သောက်ပြီးမူးနေ၍ ဖြစ်သည်။ ဘုန်းကြီးက ရေစက်ချတဲ့ အချိန် နိဗ္ဗာန် ကို အာရုံပြု ဆိုတော့ အလှူ့အမ နှင့် အလှူ့ဒကာ နိဗ္ဗာန် ကို အာရုံပြု တာ စိုက်ကနဲ၊ စိုက်ကနဲ နေတာပါပဲ။ တစ်နေကုန် သွားဖြဲပြီး ညှော်ခံထား၍ အိပ်ငိုက်နေကြခြင်း သာတည်း...။

ထို အလှူ မျိုးသည် ပေါချောင်ချောင် အလုပ်ဖြစ်သည်။ ပကာသန သက်သက်သာဖြစ်သည်။ သဒ္ဓာမသိ ပဲ ရမ်းလုပ်ခြင်းဖြစ် သည်။ မသိတာ က အဝိဇ္ဇာ၊ ရမ်းလုပ်တာက သင်္ခါရ ဖြစ်၏။ ဆင်းရဲကြောင်း ကိုဖြစ်စေသော၊ ပယ် ရမည့် သမုဒယ သစ္စာ ကိုပွါး စေသော အလှူ ဖြစ်သည်။ အလှူ ပြီးတော့ ကျွန်တော့် အလှူ ဘယ်လောက်ကုန်တယ်ဆို ပြီး ကျေညာ သည်။ ကုန်တာ ပဲရှိသည်။ ဘာမှမရလိုက်ပါ။ တကယ်တော့ သူ မဟုတ်၊ ငါ မဟုတ် နာမ်နဲ့ ရုပ် ကလှူတာ ဖြစ်သည်။ လာသမျှ ညှော့်သည်တို့ကလည်း ဒီလို မလုပ်သင့်ကြောင်း၊ သစ္စာ သိအောင် ပြောမည့်သူ မရှိ၊ ကျွေးသမျှကို အားရပါးရ တွယ်ပြီးပြန်သွားကြသည်။

ထို့ကြောင့် ဥပနိဿယ ပစ္စည်း၌...ပုရိမာ ပုရိမာ ကုသလာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ အ ကုသလာနံ ဓမ္မာနံ ကေသဉ္စိ ဥပနိဿယ ပစ္စယေန ပစ္စယော။ လို့ ဘုရားရှင် ဟောတော်မူခဲ့ပါသည်။ အဓိပ္ပါယ်မှာ... ပုရိမာ ပုရိမာ - ရှေးရှေးကပြုလုပ်ခဲ့သော၊

ကုသလာ ဓမ္မာ - ကုသိုလ် တရားတို့ကို ကြောင်းပြု၍
ပစ္ဆိမာနံ ပစ္ဆိမာနံ - နောက်နောင်သော ကာလ၌
အ ကုသလာနံ ဓမ္မာနံ - အကုသိုလ် တရားတို့သည်
ကေသဉ္စိ - တစ်ချို့တစ်ချို့သောပုဂ္ဂိုလ်တို့၏ သန္တာန်၌
ဥပနိဿယ ပစ္စယေန ပစ္စယော - ဖြစ်ပေါ်၍လာခဲ့ပေသည်။

ဗုဒ္ဓဘာသာ ဝင် တစ်ယောက်သည် ဗုဒ္ဓဘာသာ ၏ အခြေခံ သိသင့်သည်များကို သိထားသင့်သည်။ ထိုမှသာ "ယနေ့လူငယ်၊ နောင်ဝယ်လူကြီး" ဖြစ်လာမည့် မိမိ၏ သား၊သမီး များ အားမှန်ကန်သော ဘာသာရေးဆိုင်ရာ အယူဝါဒ များကို လက်ဆင့်ကမ်းနိုင် မည်ဖြစ်သည်။ သို့မဟုတ်ပဲ ကိုယ် ကိုယ်တိုင် ဝါးတားတား ဖြစ်နေပါက အနာဂတ် ကလေးများ လက်ထက်တွင် သာသနာ သည် တဖြည်းဖြည်း ကွယ်ပျောက်မည့် အနေအထားဖြစ်လာပေမည်။ ဥပမာအားဖြင့် ........ လူ တစ်ယောက်သည် ဘယ်အချိန်တွင် ဗုဒ္ဓဘာသာ အဖြစ် သို့ ရောက်ရှိပါသလဲ? ဆိုတဲ့ မေးခွန်းမျိုး၊ ဘုရားရှင် ကိုဘာကြောင့် ကိုးကွယ်ရလဲ?၊ တရားတော် ကိုဘာကြောင့် ကိုးကွယ်ရလဲ?၊ သံဃာတော် ကိုဘာကြောင့် ကိုးကွယ်ရလဲ?၊ စ တဲ့ မေးခွန်းမျိုး ကို ဖြေ နိုင်ရပါမည်။

လူ တစ်ယောက်သည် သရဏဂုံ သုံးပါး တည် သောအချိန် မှာ ဗုဒ္ဓဘာသာ စ ဖြစ်ပါသည်။ သရဏဂုံ သုံးပါး ဆိုသည်မှာ......
ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။ ဓမ္မံ သရဏံ ဂစ္ဆာမိ။ သံဃံ သရဏံ ဂစ္ဆာမိ။ ဖြစ်ပါသည်။

ဗုဒ္ဓံ = မြတ်စွာဘုရားအား
သရဏံ = ကိုးကွယ်ရာဟူ၍
ဂစ္ဆာမိ = ဆည်းကပ်ပါ၏...။
ဓမ္မံ = တရားတော်အား
သရဏံ = ကိုးကွယ်ရာဟူ၍
ဂစ္ဆာမိ = ဆည်းကပ်ပါ၏...။
သံဃံ = သံဃာတော်အား
သရဏံ = ကိုးကွယ်ရာဟူ၍
ဂစ္ဆာမိ = ဆည်းကပ်ပါ၏...။

မြတ်စွာဘုရား ကိုဘာကြောင့် ကိုးကွယ်ရလဲ ဆိုတော့ " **အသေ လွတ်ရာပြသ နိုင်လို့ ဘုရားရှင် ကို ကိုးကွယ်ပါ၏"**
တရားတော် ကိုဘာကြောင့် ကိုးကွယ်ရလဲ ဆိုတော့ " **အသေ လွတ်ရာ ပို့ဆောင် နိုင်လို့ တရားတော် ကို ကိုးကွယ်ပါ၏"**
သံဃာတော် ကိုဘာကြောင့် ကိုးကွယ်ရလဲ ဆိုတော့ **"အသေ လွတ်ရာ ပို့ဆောင် နိုင်တဲ့ တရားတော် ကို ဆောင်ထားနိုင် လို့ သံဃာတော် ကို ကိုးကွယ်ပါ၏"........**
အမှန်တော့ တရားတော်တွေကို ယနေ့ ထိစောင့်ရှောက် ထိန်းသိမ်းလာတာ သံဃာတော်တွေပါ။ သံဃာတော်များ ဟာ ပထမ သင်္ဂါယနာ မှ ဆဋ္ဌမ သင်္ဂါယနာ တိုင်အောင် ဆင်းရဲ မျိုးစုံ ကြားမှ အသက်အသေခံပြီး ပိဋကတ်တော်တွေ ကိုထိန်းသိမ်းစောင့်ရှောက်လာခဲ့ကြတာဖြစ်ပါသည်။ ပိဋကတ် သုံးပုံ ကို သူရဿတီ စောင့်တယ် ဆိုတဲ့ အယူအဆ ဟာ အလွန်မှားယွင်းပါသည်။

သူရဿတီ ဖြစ်ပေါ်လာပုံ အစကတော့.......အိန္ဒိယ နိုင်ငံမှာ သူရဿတီ အမည်ရှိ တဲ့မြစ်တစ်စင်းရှိ၏။ ထိုမြစ် သည်နွေရာသီတွင် သောင်များပေါ်၍ ထိုသောင် ပေါ်တွင် သီးပင်စားပင် စိုက်ရာ အလွန်ဖြစ်ထွန်း၍ မြစ် ကိုစောင့်သောနတ်ရှိရမည်ဟူသော အတွေးပေါ်လာကြသည်။ သာယာပျော့ပြောင်းစွာ စီးသောရေ ကိုကြည့်၍ နတ်သမီးသာ ဖြစ်ရမည် ဟုဆုံးဖြတ်ကာ မြစ်ကမ်းနားတွင် နတ်သမီးရုပ် ထုပြီးကိုးကွယ်ကြသည်။ နောက် တဖြည်းဖြည်း နယ်ကျယ်လာရာမှ ဗေဒင်သုံးပုံ ကို သူရဿတီ လက်ထဲထည့်ပေးလိုက်၏။ ထိုအခါ သူရဿတီသည် ဟိန္ဒူ ဘာသာဝင် အားလုံး အထွတ်အမြတ် ထားရာ နတ်သမီး အဖြစ်သို့ရောက်သွားပါသည်။ ထိုမှတဆင့် ဘာသာရေးလုပ်ကြံသူတို့က သူရဿတီ ကို မြန်မာနိုင်ငံတွင်း သွပ်သွင်းချင်သောအခါ ဗေဒင်သုံးပုံ အစား ဗုဒ္ဓ၏ တရားရတနာ ပိဋကတ် သုံးပုံ ကို သူရဿတီ လက်ထဲ ထည့်ပေးလိုက်ခြင်း ဖြစ်သည်။

နောက်တစ်ခု သိသင့်တဲ့ အမှန်တစ်ခု က ဘုရားရှင်သည် သက်သတ်လွတ် စားလျှင် ကုသိုလ်ရသည် ဟု လုံးဝ မ ဟောကြားခဲ့ပါ။ ပဋ္ဌာန်းတရားနှင့်ကြည့်လျှင်

သက်သတ်လွတ်စားခြင်းသည် အဗျာကတာ ဖြစ်သည်။ အဓိပ္ပါယ် မှာ ကုသိုလ်လည်းမဟုတ်၊ အ ကုသိုလ်လည်းမဟုတ်ပါ။ ဘုရားရှင်သည် ၄၅ ဝါကာလပတ်လုံး အဆင်ပြေသလို ဘုန်းပေးတော်မူခဲ့သည်။ သံဃာတော်များ သက်သတ်လွတ်စားဖို့ ဒေဝဒတ် တင်သွင်းသော အဆိုကို ပင် ပယ်ချတော်မူခဲ့သည်။ တစ်ချို့ လူတွေက သက်သတ်လွတ်စားခြင်းသည် သတ္တဝါတွေ အပေါ် မေတ္တာထားခြင်းဖြစ်သည်ဟုဆို၏။ ထိုသို့ဆိုလျှင် သက်သတ်လွတ် မစားသော မြတ်စွာဘုရားရှင်သည် မေတ္တာမဲ့ရာရောက်ပေသည်။ ကိုယ် ကိုးကွယ်သောဘုရား ကို မစော်ကားမိဖို့ အမြင်မှန် ရပေမည်။ သက်သတ်လွတ်စားတိုင်း ကုသိုလ်ရမည် ဆိုလျှင်...... မြက်စားသောနွားများ၊ ဆိတ်များ၊ အသီးစားသော ငှက်များ၊ ဘီယာသောက်သော အရက်သမားများ အမြဲ ကုသိုလ်ရပေလိမ့်မည်။ ထို့ကြောင့် သက်သတ်လွတ်စားခြင်းသည် ဘာသာရေး အလုပ်တစ်ခုမဟုတ်ပါ။ သို့သော် သက်သတ်လွတ် စားခြင်းဖြင့် သွေးသားကြည်လင်ကာ ကျန်းမာရေးကောင်းစေ၍ တရားရှုမှတ်သောအခါ၌ ထိနမိတ္တ ဟုခေါ်သော ငိုက်မြည်းခြင်း အဖြစ်နည်းပါသည်။ ထို့ကြောင့် မိမိသဘောအတိုင်း သက်သတ်လွတ် စားလိုကစားနိုင်ပါသည်။ အယူအဆ မှန်ဖို့သာလိုပါသည်။ မြတ်စွာဘုရားရှင် က လူတွေ မစားသင့်၊ ရှောင်သင့်သော အသား ဆယ်မျိုးကို ဟောတော်မူခဲ့ပါသည်။ ၎င်းတို့မှာ လူ၊ မြင်း၊ ဆင်၊ ဝံ၊ အောင်း၊ ခြင်္သေ့၊ ကျား၊ ကျားသစ်၊ ခွေး နှင့် မြွေ တို့ဖြစ်၏။ ဤ ဆယ်မျိုးမှလွဲ၍ ကျန်အသားများကို ပံ့သကူ ဖြစ်က စားနိုင်ကြောင်း မိန့်ဆိုခဲ့ပါသည်။ သက်သတ်လွတ် တစ်သက်စားခြင်းထက် ဖြစ်ပျက် တစ်ချက် မြင်ရခြင်း ကပိုမြတ်ပါသည်။ ပုတီးအပတ် တစ်သိန်း စိပ်ခြင်း ထက်လည်း ဖြစ်ပျက် တစ်ချက် မြင်ရခြင်း ကပိုမြတ်ပါသည်။ ဗုဒ္ဓ ဝါဒ သည် ဝိဘဇ္ဇ ဝါဒ ဖြစ်ပါသည်။ ကိုယ်ပိုင်အသိဉာဏ်ဖြင့် မှန်၊မမှန် ဆုံးဖြတ်ပြီး လုပ်သင့်ပါသည်။

## ၂။ လာဘ ဗုဒ္ဓ ဘာသာ

လာဘ ဆိုသည်မှာ လာဘ် ဟု အဓိပ္ပါယ် ရပါသည်။ လာဘ်၊ လာဘ လိုချင်၍၊ ပေါ များချင်၍ ဘုရားကို ကိုးကွယ်သူများ ဖြစ်ကြသည်။ စီးပွါးရေးကောင်းအောင်၊ ဝင်ငွေတိုးအောင်၊ ရာထူးတက်အောင် စသော လိုချင်တပ်မက်မှု တဏှာ ခေါင်းဆောင် ပြီး ရတနာ သုံးပါး ကိုးကွယ်သူများသည် လာဘ ဗုဒ္ဓ ဘာသာများဖြစ်ကြသည်။

တဏှာ ပစ္စယာ ဥပါဒါန်.... တဏှာ လောဘ ကြောင့် ဥပါဒါန် စွဲလမ်းမှု တို့ဖြစ်ရ၏။

ဥပါဒါန ပစ္စယာ ကမ္မဘဝ.... ဥပါဒါန် စွဲလမ်းမှု ကြောင့် ကမ္မဘဝ ကံ ပြောက်ရ၏။

ကမ္မဘဝ ပစ္စယာ ဇာတိ....ထို ကာယကံ၊ ဝစီကံ၊ မနောကံ တို့ကြောင့် ဇာတိ တဖန် ဖြစ်ရ၏။

တဏှာ၊ လောဘ သည် ဆင်းရဲကြောင်းအမှန် သမုဒယ သစ္စာဖြစ်၏။ ဘုရားရှင် က သမုဒယ သစ္စာ သည် ပယ် ရမည့်တရားဖြစ်သည်ဟု ဆို၏။ လာဘ ဗုဒ္ဓ ဘာသာ တို့က ထိုဆင်းရဲကြောင်း လမ်းပေါ်လျှောက်ကြ၏။ ဘုရားရှင် ကအသေလွတ်ရာ လမ်းကိုပြ၏။

လာဘ ဗုဒ္ဓ ဘာသာ တို့က အသေရမည့် လမ်းပေါ်သွား၏။ ထိုသူတို့အဖို့ ဘုရားရှင် ပွင့်ထွန်းပေါ်ခြင်းသည် မထိုက်တန်ဟု ဆိုနိုင်ပေသည်။

လာဘ ဗုဒ္ဓ ဘာသာ တို့သည် မြတ်စွာဘုရားရှင်ကို အမှန်တကယ် ကြည်ညိုခြင်း မဟုတ်ပဲ မိမိ တို့ လာဘ်လာဘ ပေါများစေရန် အတွက်သာ ရည်ရွယ်သောကြောင့် မှန်ကန်သော သဒ္ဒါတရားမရှိကြချေ။ ထို့ကြောင့် လာဘ် လာဘ ပေါများအောင် နတ်တွေ၊ ဘိုးတော်တွေ ကိုလည်း ကိုးကွယ်တတ်ကြသည်။ ဤမျှလောက်နှင့်အားမရ သေးပဲ တရုပ်ပြည်မှ ကွမ်ရင်၊ ကုလားပြည်မှ လက်ချမီး စသော နိုင်ငံခြားဖြစ် မယ်တော်၊ ဘွားတော်တို့ကိုပါ အိမ်ပေါ် ခေါ်တင်လာကြသည်။ ဘုရားစင် တွင် နတ်ရုပ်များ၊ ဘိုးတော်၊ မယ်တော် ပုံများက ရှေ့ရောက်ပြီး ဘုရားမှာ နောက်ဖက် သို့ပို့ထားကြသည်။ အမှန်တော့ စီးပွါးတက်ခြင်း၊ လာဘ်ပေါခြင်း ဆိုသည်မှာ မိမိ၏ ကံ၊ ဉာဏ်၊ ဝိရိယ တို့ကြောင့်ဖြစ်သည်။ အကြောင်းကြောင့် အကျိုးဖြစ်ခြင်းဖြစ်သည်။ ဘုရားပင် မတတ်နိုင်သော ကိစ္စမျိုးတွင် အဘယ်ကြောင့် နတ်များ၊ ဘိုးတော်၊ မယ်တော်များက တတ်နိုင်ပါမည်နည်း။ သေသေချာချာ စဉ်းစားဖို့တော့ လိုပါသည်။ အမှန်တော့ ထိုသူတို့သည် လိုချင်လွန်း၍ အလိမ်ခံနေရခြင်းဖြစ်၏။ မွေးနေ့မှာ ကြာကြာစံ ရအောင်ဆို ပြီး ဘုရားကို ကြာဖံ ဟင်းခါးကပ်သည်။ တခါ ထော အောင်ဆိုပြီး ထောပတ်သီးကပ်ပြန်သည်။ ထိုသို့ ကပ်ရာ၌လည်း ခပ်စိမ်းစိမ်း ကိုဝယ်ပြီး အလုံးလိုက် ကပ်သည်။ မှည့်တဲ့အခါမှာတော့ ကိုယ်စားဖို့ စွန့် သည်။ ကိုယ်စားတော့ဒီအတိုင်း မစားပဲ သကြား၊နို့ဆီ တို့ဖြင့် ကျကျနန ဖျော်စားသည်။ တစ်ချို့ကျတော့လည်း အကြံအစည် ကောင်းအောင် ဆိုပြီး ကြံ ကပ်သည်။ ခုတ်ထစ်၊ ဖြတ်တောက် ဆေးကြောပြီးကပ်ခြင်းမဟုတ်၊ အပင် လိုက် ကပ်သည်။ မိမိ စားရင်တော့ ခုတ်ထစ်၊ ဖြတ်တောက် ဆေးကြောပြီး မှစားသည်။ တစ်ခါ ပေါက်ပေါက်မြောက်မြောက်ဖြစ်အောင် ဆိုပြီး ပေါက်ပေါက် ကပ်သည်။ မယိုမဖိတ်အောင် ဆိုပြီး ဇီးယို ကပ်သည်။ ဘေးဘရာ ကျော်အောင်ဆိုပြီး ဘရာကြော် ကပ်သည်။ ချက်ချင်း ကြီးပွါးအောင် ချက် ပေါ်ဂျင်း တင်သည်။ နေ့ချင်း၊ညချင်း ကြီးပွါးအောင် နေ့ လာသောညှော့သည်၊ ည လာသောညှော့သည် ကို ဂျင်းသုပ်ဖြင့် ညှော့ခံသည်။ လာဘ ဗုဒ္ဓ ဘာသာ တို့သည် ဤသို့ ပေါချောင်ချောင် အလုပ်များကို သစ္စာမသိ ပဲ အကုန်လျှောက်လုပ်သည်။ ဘုရားရှင် လုပ်စေချင်သောအလုပ်များကို မလုပ်ပဲ ဘုရားရှင် ပယ်စေချင်သော အလုပ်များကိုလုပ်ကြသည်။

## ၃။ ဘယ ဗုဒ္ဓ ဘာသာ

ဘယ ဆိုသည်မှာ ဘေး ဟု အဓိပ္ပါယ် ရပါသည်။ ဘေး၊ အန္တ ရာယ် ကိုကြောက်၍ ကိုးကွယ် သော ဗုဒ္ဓ ဘာသာကို ဘယ ဗုဒ္ဓ ဘာသာ ဟုခေါ်ပါသည်။ ဒိက္ခိဏာသာခါ ရုပ်ပွါးတော်ကို အိမ်ပေါ်တင် ကိုးကွယ်လျှင် မီးကွင်းသည်၊ အန္တ ရာယ် ကင်းသည် ဟုဆိုကာ ကိုးကွယ်ကြသည်။ မြတ်စွာဘုရားရှင် သည် ထိုသို့သော ဘေး၊ အန္တ ရာယ် မှ ကယ်တင်နိုင်တာ မဟုတ်ပါ။ အို၊ နာ၊ သေ ဆိုတဲ့ ဆင်းရဲအပေါင်းမှ လွတ်မြောက်အောင် လမ်းပြ ညွှန်ကြား နိုင်သူ သာဖြစ်ပါသည်။ သတ္တဝါအပေါင်းကို အပါယ် လေးပါး အန္တ ရာယ် မှ

ကင်းလွတ် စေချင် သူဖြစ်ပါသည်။ ဘုရားရှင် ကိုယ်တော်တိုင်ပင်လျှင် ဝိပါကဝဋ် ကိုမရှောင် နိုင်ပါ။ ထို့ကြောင့်လည်း ဒေဝဒတ် ၏ ကျောက်မောင်းဆင်ခြင်း ခံရပြီး ခြေမ တွင် သွေးစိမ်း တည်ခဲ့ရပါသည်။ မြတ်စွာဘုရားရှင် ကိုယ်တော်တိုင်မှ မတတ်နိုင်လျှင် အခြားသော ဘိုးတော်၊ မယ်တော်၊ နတ်ကတော် များက မည်သို့တတ်နိုင်ပါမည်နည်း။ ဤအချက်ကိုနားမလည်ပဲ ဘိုးတော်၊ မယ်တော်၊ နတ်ကတော် များက မ လို့ စီးပွါးတက်တာ၊ အန္တ ရာယ် ကင်းတာလို့ ယူဆ ရင်တော့ ကမ္မသရနိမ္မာနဒိဋ္ဌိ ဖြစ်သွားပါသည်။ ဒိဋ္ဌိ သည် နိဗ္ဗာန်မရအောင် ကန့်ကွက် သော ခေါင်းဆောင်ဖြစ်ပါသည်။ ထို ဒိဋ္ဌိ ကိုဉာဏ်ဖြင့် မဖြုတ်နိုင် ပါက နိဗ္ဗာန် နဲ့ လွဲပြီး ဒယ်အိုး နဲ့ တွဲ ရဖို့သာ ရှိပါသည်။ နောက်တစ်ချက် က နတ်ကတော်များသေလျှင် မစင်စားပြိတ္တာ ဖြစ်ပြီး ထိုနတ်ကတော်ကိုယုံ သောလူများသေလျှင် တော့ အန်ဖတ်စား ပြိတ္တာဖြစ်ပါသည်။

ဘယ ဗုဒ္ဓ ဘာသာ တို့သည် ဘုရားရှင်၏ ပဋ္ဌာန်းတရား(၂၄)ပစ္စည်းကို လည်း အန္တ ရာယ် ကင်း အောင်ဆိုပြီး အရပ်ရှစ်မျက်နှာ လှည့်ပြီး စည်းချအိပ်ပါသည်။ ခွေးများသည် လည်း မအိပ်ခင် နစ်ပတ်၊ သုံးပတ် လှည့်ပြီးမှ အိပ်ပါသည်။ ထိုသို့ စည်းချအိပ်သူများကို မိုးကုတ်ဆရာတော်ဘုရားကြီးက ဒကာကြွယ်နှင့် တရားဆွေးနွေးခန်းတွင် "မအိပ်ခင် ခွေးဇာတ် ခင်းသူများ"ဟု မိန့်ဆိုထားပါသည်။ ဒါတွေဟာ ကံ နဲ့ ကံ၏အကျိုးကို ယုံကြည်တဲ့ ကမ္မဿကတ သမာဒိဋ္ဌိ ကိုပစ်ပယ်တဲ့ မိစ္ဆာဒိဋ္ဌိ အဖြစ်ကိုရောက်သွားခြင်းဖြစ်ပါသည်။

## ၄။ သဒ္ဒါဓိက ဗုဒ္ဓ ဘာသာ

သဒ္ဒါ ဆိုသည်မှာ ယုံကြည်ခြင်း ဟု အဓိပ္ပါယ် ရပါသည်။ ကမ္မဿကတ ဉာဏ် ဆိုတဲ့ ကံ နဲ့ ကံ၏အကျိုးကို ယုံကြည် ခြင်း၊ အကြောင်းကြောင့် အကျိုးဖြစ်တာကို ပိုင်ပိုင် နိုင်နိုင် သိပြီး ယုံကြည်သော ဗုဒ္ဓ ဘာသာ ကို သဒ္ဒါဓိက ဗုဒ္ဓ ဘာသာ ဟုခေါ်ပါသည်။ ကိုးကွယ်ရာမှာ သဒ္ဒါ နဲ့ ပညာ ယှဉ်တွဲဖို့တော့ လိုပါသည်။ သဒ္ဒါ တရားလွန်ကဲပြီး ပညာနည်း သွားလျှင် ယုံကြည်မှု လွဲတတ်ပါသည်။ ပညာ မပါတော့ အရာရာ ကိုယုံလွယ်ပါသည်။ ပြောသမျှကို ယုံလွယ်လျှင် ဘိုးတော်၊ ဘွားတော်၊ နတ်ကတော်တွေ ကိုပါ ယုံကြည်ပြီး ဒိဋ္ဌိ ဖြစ်နိုင်ပါသည်။ ဗုဒ္ဓ ဝါဒ သည် ဝိဘဇ္ဇ ဝါဒ ဖြစ်၍ ကိုယ်ပိုင် ဉာဏ်ဖြင့် စိစစ်ပြီးမှ ယုံကြည်ဖို့ တော့လိုအပ်ပါသည်။

## ၅။ ပညာဓိက ဗုဒ္ဓ ဘာသာ

ပညာဓိက ဗုဒ္ဓ ဘာသာ ဆိုသည်မှာ ပညာဉာဏ်နှင့် ယှဉ်တွဲ၍ ကိုးကွယ်သော ဗုဒ္ဓ ဘာသာ ဖြစ်သည်။ ဂေါတမ မြတ်စွာဘုရားရှင်သည် ပညာကို အဓိက ထား၍ ပါရမီ ဖြည့်ကျင့်ခဲ့ပါသည်။ ပညာဓိက ဗုဒ္ဓ ဘာသာ တို့သည် ဘုရားရှင်ဟောကြားသော သစ္စာလေးပါး တရားတို့ကို ကောင်းစွာ နာယူ လိုက်နာ ကျင့်သုံးပါသည်။ ခန္ဓာ ငါးပါး၊ ရုပ်၊နာမ် တရားတို့၏ ဖြစ်၊ ပျက် ကိုလည်း ပညာဖြင့် မြင်ပါသည်။ ကုသိုလ်၊ အကုသိုလ် တရားတို့ကို လည်း

ပိုင်းခြားသိမြင်သည်။ အသေလွတ်ရာ နိဗ္ဗာန်သို့ သွားရာ လမ်းပေါ်လျှောက်နေသူများ ဖြစ်ပါသည်။

နိဂုံးချုပ် ကြည့်မည်ဆိုလျှင်ဖြင့်

၁။ ကုလ ဗုဒ္ဓ ဘာသာ...မိရိုးဖလာ ကိုးကွယ်သော ဗုဒ္ဓ ဘာသာ။

၂။ လာဘ ဗုဒ္ဓ ဘာသာ...လာဘ်လာဘကို လိုချင်၍ ကိုးကွယ်သော ဗုဒ္ဓ ဘာသာ။

၃။ ဘယ ဗုဒ္ဓ ဘာသာ...ဘေး၊ အန္တရာယ်ကြောက်၍ ကိုးကွယ်သော ဗုဒ္ဓ ဘာသာ။

# ဤသုံးမျိုးကို မြတ်စွာဘုရားရှင်က စဏ္ဍာလ (သူတောင်းစား) ဗုဒ္ဓ ဘာသာ ဟုခေါ်ဆိုပါသည်။

၄။ သဒ္ဓါဓိက ဗုဒ္ဓ ဘာသာ...သဒ္ဓါ တရားကို အရင်းခံ၍ ကိုးကွယ်သော ဗုဒ္ဓ ဘာသာ။

# ၎င်းကို အလတ်တန်းစား ဗုဒ္ဓ ဘာသာ ဟုခေါ်ဆိုပါသည်။

၅။ ပညာဓိက ဗုဒ္ဓ ဘာသာ...ပညာဉာဏ်နှင့် ယှဉ်၍ ကိုးကွယ်သော ဗုဒ္ဓ ဘာသာ။

# ၎င်းကို အထက်တန်းစား ဗုဒ္ဓ ဘာသာ ဟုခေါ်ဆိုပါသည်။

.........................................................................................................

ကျေးဇူးတော်ရှင် မိုးကုတ်မြို့ဓမ္မရံသီ **ဆရာတော် ဦးသုနန္ဒ** ၏ 06.14.2006 မှ 06.20.2006 ထိ နောင်ချိုမြို့ တွင် ဟောကြားသော တရားတော် အား မှီငြမ်း ရေးသားပါသည်။
ကျေးဇူးရှင် ဆရာတော်ဘုရား အား ဤတရားတို့ကို ဓမ္မဒါန အဖြစ် ရိုက်နှိပ် ဖြန့်ဝေ ခြင်းဖြင့် ကျေးဇူး ဆပ်ပါသည်။

ဓမ္မမိတ်ဆွေများ အားလုံး အဝိဇ္ဇာ အမှောင် ကင်း၍ သစ္စာဉာဏ်အလင်း ရကြပါစေ။

မေတ္တာဖြင့်
စီစီချိုသန်း
မေလ(၂)ရက်၊ ၂၀၀၉